www.kelasa.org

ဓမ္မအမေးအဖြေများ

၆။ ဗုဒ္ဓဓာတ်တော်အကြောင်း၊ ဗုဒ္ဓဓာတ်တော်ကို ရေစိမ်သောက်သင့်သလား

# ဗုဒ္ဓဓာတ်တော်အကြောင်း

ဆရာတော် အရှင်သူမြတ်ဘုရား၊
မကြာမီက အမေရိကမှာ နေထိုင်သူ မိတ်ဆွေတစ်ယောက် မြန်မာနိုင်ငံကို ခေတ္တပြန်စဉ် နာမည်ကြီး ဆရာတော်တစ်ပါးနှင့် တွေ့ဆုံပြီး ထိုဆရာတော် ချီးမြှင့်လိုက်သည့် ဗုဒ္ဓဓာတ်တော်များကို ရလာခဲ့ပါသည်။ အဆိုပါ ဆရာတော်က ထိုဗုဒ္ဓဓာတ်တော်များကို အသုံးချနည်းကိုလည်း သင်းပေးလိုက်ပါသည်။ ဓာတ်တော်များကို ဆောင်ထားလျှင် ရာထူးမြင့် စီးပွားတက်ကြောင်း၊ ဓာတ်တော်များကို ရေစိမ်ပြီး နေ့တိုင်းသောက်လျှင် ကျန်းမာ အသက်ရှည်ကြောင်းနှင့် ကင်ဆာရောဂါ မဖြစ်အောင်လည်း ကာကွယ်ပေးကြောင်း မိန့် တော်မူ လိုက်သည်ဟု ဆိုပါသည်။

ဗုဒ္ဓဓာတ်တော်များနှင့် ပတ်သက်သည့် တိကျသော ဗဟုသုတအတွက် ကျမ်းဂန်ထွက် အဆိုအမိန့်များနှင့် ဗုဒ္ဓဓာတ်တော်များကို ရေစိမ်သောက်ကောင်းသလား ဆိုသည်ကိုလည်း သိလိုပါသည်ဘုရား။

မောင်ပိုင်

www.kelasa.org

## ဗုဒ္ဓဓာတ်တော်ဆိုတာ

'မြတ်ဗုဒ္ဓ၏ အလောင်းတော်ကို မီးရှို့သောအခါ အရေပါး၊ အရေထူ၊ အသား၊ အကြော၊ အစေးများ ပျောက်သွားပြီး ပြာနှင့်မှိုင်းများပင် မကျန်တော့ဘဲ သရီရများသာလျှင် ကျန်ရစ်၏ (ဒီ ၂၊ ၁၃၄)'။ 'သရီရများ (သရီရာနိ)ဟူသည် မြတ်လေးပန်း၊ သန့်စင်သည့်ပုလဲ၊ ရွှေအဆင်း သဏ္ဍာန်ရှိသည့် ဓာတ်တော် များကို ဆိုလို၏ (ဒီ-ဋ္ဌ ၂၊ ၁၉၆)'။ 'ခန္ဓာကိုယ်၏ အစိတ်အပိုင်းများ ဖြစ်သည့် အရိုးများ (သရီရဿ အဝယဝဘူတာနိ အဋ္ဌိနိ)ကို ''သရီရများ''ဟု ဆိုလို သည် (ဒီ-ဋီ ၂၊ ၁၈၉)'။

ဒီဖော်ပြချက်တွေကို လေ့လာရင် ပါဠိတော်မှာပါတဲ့ 'သရီရာနိ' ဆိုတဲ့ ပါဠိပုဒ်ကို ပါဠိတော်အဖွင့် အဋ္ဌကထာကျမ်းက 'ဓာတ်တော်များ'လို့ ဖွင့်ဆိုပါတယ်။ အဋ္ဌကထာကို ထပ်ဖွင့်တဲ့ ဋီကာကျမ်းက 'အရိုးများ' လို့ ဖွင့်ဆိုတာကို တွေ့ရပါလိမ့်မယ်။

ဥရောပမှာ ဗုဒ္ဓသာသနာ ထွန်းကားအောင် ကြိုးပမ်းခဲ့သူ ဗုဒ္ဓဝါဒီ ပါဠိပညာရှင် Maurice Walshe ရဲ့ ဒီဃနိကာယ် အင်္ဂလိပ်ဘာသာပြန်မှာတော့ 'သရီရာနိ (ဟူသည်) အရိုးများ (ကို ဆိုလို၏)။ (ယင်းပါဠိ ဝေါဟာရကို) နောင်အခါ ရဟန္တာများ ကွယ်လွန်ပြီးနောက် ပြာပုံထဲတွင် ကျန်ရစ်ခဲ့ဖွယ်ရှိသည့် ဖျက်ဆီး ခွဲခြမ်း၍ မရကောင်းသော ဒြပ်ဝတ္ထု (substance) တစ်မျိုး (ဓာတ် တော်)ဟု အဓိပ္ပာယ် ကောက်ယူကြ၏' (p. 576. Note 461)' လို့ မှတ်ချက် ပြုပါတယ်။

'စွယ်တော်လေးဆူ၊ ညှပ်ရိုးတော်နှစ်ဆူ၊ ဥဏ္ဏာလုံမွေးရှင်တော် တစ်ဆူ၊ ပေါင်း ၇-ဆူမှာ (မီးမလောင်ကျွမ်းဘဲ) ပကတိအတိုင်း ကျန်ရစ်ပြီး ကျန်ဓာတ် တော်(သရီရ)များအနက် အငယ်ဆုံးမှာ မုန်ညင်းစေ့၊ အလတ်စားမှာ ဆန်ကျိုးခန့်၊ အကြီးစားမှာ ပဲနောက်စေ့ကျိုးခန့် ပမာဏ ရှိကြ၏ (ဒီ-ဋ္ဌ ၂၊ ၁၉၆)'။

သဗ္ဗညုတ□ာဏ်တော်ရဲ့တည်ရာ မြတ်ဗုဒ္ဓရဲ့ အလောင်းတော်ကို မီးရှို့ပြီးတဲ့အခါ လူသာမန်တွေလို ပြာ သို့မဟုတ် ခြေရိုး လက်ရိုးစတဲ့ အရိုးတုံးကြီးတွေ မကျန်ရစ်ဘဲ ထူးဆန်းအံ့သြဖွယ် အစိုင်အခဲလေးတွေ ဖြစ်သွားတယ်။ အဲဒါကို ဓာတ်တော် ခေါ်တယ်လို့ ယနေ့ခေတ် ဗုဒ္ဓဝါဒီတို့ နားလည် ယုံကြည်ကြပါတယ်။

## ဗုဒ္ဓဓာတ်တော် ရာဇဝင်

'ရာဇဂြိုဟ်ပြည့်ရှင် အဇာတသတ္တုမင်း၊ ဝေသာလီပြည်သား လိစ္ဆဝီမင်းများ၊ ကပိလဝတ္ထုပြည်သား သကျမင်းများ၊ အလ္လ ကပ္ပပြည်သား ဗုလိမင်းများ၊ ရာမဂ္ဂာသား ကောလိယမင်းများ၊ ဝေဋ္ဌဒီပတိုင်းသား ပုဏ္ဏား၊ ပါဝါမြို့သား မလ္လာမင်းများ၊ ကုသိနာရုံပြည်သား မလ္လာမင်းများသည် ဓာတ်တော်ဝေစုကို အညီအမျှရရှိကြပြီး ဓာတ်တော်ဝေသူ ဒေါဏပုဏ္ဏားမှာ ပြည်တောင်း၊ နောက်မှ ရောက်လာသူ ပိပ္ပလိဝနအရပ်သား မောရိယမင်းများကား မီးသွေးများ ရရှိကြ၏။ ရှစ်ပြည်ထောင်မင်းတို့သည် မိမိတို့တိုင်းပြည်၌ ဓာတုစေတီများ တည်ကြ၏။ ဒေါဏနှင့် မောရိယတို့လည်း ပြည်တောင်း စေတီနှင့် မီးသွေးစေတီ တည်ကြ၏ (ဒီ ၂၊ ၁၃၇)'။

'စေတီတည်ပြီးသောအခါ အရှင်မဟာကဿပ မထေရ်သည် ရာမဂ္ဂာရှိ စေတီမှတစ်ပါး ကျန်ခုနစ်ပြည်ထောင်မင်းတို့၏ စေတီမှ ဓာတ်တော်အားလုံးကို ယူဆောင်ပြီး အနည်းငယ်မျှသာ ချန်ထားလျက် အဇာတသတ်မင်းနှင့် တိုင်ပင်၍ ရာဇဂြိုဟ်မြို့၏ အရှေ့တောင်အရပ် (တစ်နေရာ)၌ အတောင် ရှစ်ဆယ်အနက် တူးပြီးလျှင် ဓာတ်တော် အားလုံးကို တစ်ပေါင်းတည်း ဌာပနာ (ထွည့်သွင်း) ခဲ့သည်။ ရာမဂါမစေတီရှိ ဓာတ်တော်များမှာမူ အန္တရာယ် မရှိနိုင်ဘဲ နောင်အခါ သီရိလင်္ကာနိုင်ငံရှိ မဟာစေတီ (ဘီစီ ၂၄၇-၂၀၇ ဒေဝါနံပိယတိဿမင်း တည်ဆောက်)၌ ကိန်းဝပ်မည်ဖြစ်သောကြောင့် ထုတ်ယူခြင်း မပြုခဲ့ပေ (ဒီ-ဋ္ဌ ၂၊ ၂၀၆)'။

'(အရှင်မဟာကဿပသည်) ဓာတ်တော်များအား မကြည်ညိုသူတို့ ဖျက်ဆီးမည့် အန္တရာယ်ကို မြင်တော်မူကြောင့် (ဒီ-ဋီ ၂၊ ၁၈၇) တန်ခိုးဖြင့် (ဓာတ်တော်များကို) ရယူ၍ (ဣဒ္ဓိယာ အာဟရိတွာ၊ ဝိသုဒ္ဓိ-ဋီ ၂၊ ၆၄) ထိုမင်း တို့၏လက်၌ အနည်းငယ်မျှသာ ချန်ထားခဲ့ပြီး စေတီများတွင် ဘာမျှမထား ခဲ့ဘဲ (ရာဇူနံ ဟတ္ထေ ဌပေတွာ၊ န စေတိယေသု၊ ဒီ-ဋီ ၂၊ ၁၈၇) (ဓာတ်တော် များ ဌာပနာမည့်) မြေတိုက်ခန်း (ဘူမိဃရ မဏ္ဍပ) ကို (အဇာတသတ်မင်း၏ အကူအညီဖြင့်) လျှို့ဝှက် တည်ဆောက်ခဲ့ခြင်း ဖြစ်သည် (ဝိသုဒ္ဓိ-ဋီ ၂၊ ၆၄)'။

ရာဇဂြိုဟ် အရှေ့တောင်ဖက်က အဲဒီ ဓာတ်တော်တိုက်ဟောင်း နေရာ ကို ရှေးဟောင်းသုတေသနတို့ ရှာဖွေ တူး  ဖော်သင့်ပါတယ်။

'နောက်ထပ် နှစ်ပေါင်း ၂၁၈-နှစ် အကြာ (ဘီစီ ၃၂၅) တွင် အသောက မင်းကြီးသည် အဇာတသတ်မင်း ဌာပနာခဲ့သည့် ''ဓာတ်တော်တိုက်'' နေရာ ကိုရှာဖွေပြီး ထိုဓာတ်တော်တိုက်၌ ဓာတ်တော် အနည်းငယ်သာ ချန်ထားလျက် ဓာတ်တော် အားလုံးကို ယူပြီး နိုင်ငံတော်အတွင်း တည်ဆောက် နေသည့် စေတီတော်များ၌ ခွဲဝေ၍ ဌာပနာ (ထည့်သွင်း) ထားခဲ့သည် (ဒီ-ဋ္ဌ ၂၊ ၂၀၆)'။

ဒါ့အပြင် အသောကခေတ် ကိုးတိုင်းကိုးဌာန သာသနာပြုပုဂ္ဂိုလ် တွေနဲ့ အတူ ဗုဒ္ဓဓာတ်တော်အချို့ အာရှတစ်ခွင်သို့ ပြန့်နှံ့သွားဖွယ်ရှိတယ်။ ပြီးတော့ အေဒီ ၁၃ ရာစု အိန္ဒိယ မြောက်ပိုင်းနှင့် အလယ်ပိုင်းကို မူဆလင်တွေ ဝင်စီး တဲ့အခါ စေတီတွေကို ဖျက်ဆီး၊ ဘုန်းကြီးကျောင်းတိုက်တွေ မီးရှို့၊ ဘုန်းကြီး တွေကို သတ်ဖြတ်လို့ နိုင်ငံက ထွက်ပြေး တိမ်းရှောင်ကြတဲ့ သံဃာတွေနဲ့ အတူလဲ ဓာတ်တော်အချို့ ပါသွားဖွယ်ရှိတယ်။ ခေတ်အဆက်ဆက် သာသ နာပြု ရဟန်းတွေနဲ့ အတူလဲ ဓာတ်တော်အချို့ အိန္ဒိယအပြင်ဘက်သို့ ရောက်သွား နိုင်ဖွယ်ရှိပါတယ်။

www.kelasa.org

### ဗုဒ္ဓဓာတ်တော် စစ်ရဲ့လား

ဗုဒ္ဓဓာတ်တော်တွေကို အမေရိကန်နိုင်ငံတစ်ခွင် ဦးဆောင် လှည့်လည်ပြသသူ တိဗက်ရဟန်းတော် အရှင်ပိယဒဿီကို ဝါရှင်တန်ပို့စ် သတင်းထောက် ဘီလ်ဗရုတ်ဒ် ဝေးက 'ဗုဒ္ဓရဲ့ ဓာတ်တော်တွေ စစ်မှန်တယ်လို့ အာမခံပါသလား'လို့ မေးတဲ့အခါ 'ဒီဓာတ်တော်တွေမှာ အခြားနေရာ အားလုံးမှာ တွေ့ရတဲ့ ဗုဒ္ဓဓာတ်တော်တွေနဲ့ သွင်ပြင်တူညီတဲ့အတွက် သကျမုနိ ဗုဒ္ဓရဲ့ ဓာတ်တော် အစစ်အမှန်တွေပါပဲ'လို့ ဖြေပါတယ်။

ဒီတိဗက်ရဟန်းတော်ဟာ မန်ချက်ချူးဆပ်စ် နည်းပညာတက္ကသိုလ် (M.I.T.)မှာ ဧည့်ပညာရှင်ဖြစ်ပြီး ဗုဒ္ဓဓာတ်တော်တွေ တည်ရှိဆဲဖြစ်တဲ့ အိန္ဒိယနဲ့ နီပေါနိုင်ငံတွေ က စေတီတော်တွေကို ပြုပြင်တည် ဆောက်ရာမှာ ပါဝင်သူ ဖြစ်ပါ တယ်။ ဓာတ်တော်အစစ်ကို ရနိုင်ပါတယ်။ ဒါပေမဲ့ သာမန် အနေနဲ့ ရဖို့တော့ မလွယ်ပါဘူး။

### မေးခွန်းရဲ့အဖြေ

ဓာတ်တော်ရဲ့ သဘာဝနဲ့ ပြန့်နှံ့ပုံကို အကြမ်းဖျင်း သိပြီးပါပြီး။ ဗုဒ္ဓဓာတ်တော် အစစ်ဆိုတာ အလွန်ရနိုင်ခဲတဲ့ သမိုင်းဝင် ရှားပါးပစ္စည်းပါ။ ဓာတ်တော်ကို ပေးလိုက်တဲ့ နာမည်ကြီး ဆရာတော်ဟာ မိမိထံ လာရောက်သူတိုင်းကို ဓာတ်တော်တွေကို ဝေငှပေးမှာဖြစ်လို့ ဒီလောက် များပြားတဲ့ ဗုဒ္ဓဓာတ်တော်အစစ်ကို ယခုခေတ်မှာ ရနိုင်မယ်မထင်ဘူး။ ဒါကြောင့် ဓာတ်တော်ပွား (အဖြောင့် ပြောရတယ် ဓာတ်တော်အတု) ကို ချီးမြှင့် လိုက်တာပဲ ဖြစ်ဖို့များပါတယ်။

ဓာတ်တော်ကို ရေစိမ်သောက်တာကတော့ ကြည်ညို အားကိုးစိတ်နဲ့ လုပ်တာဖြစ်လို့ အကုသိုလ် ဖြစ်မယ် မထင်ဘူး။ တစ်ခုတော့ရှိတယ်၊ ဗုဒ္ဓဓာတ်တော် စစ်မစစ် သို့မဟုတ် ဓာတ်တော်ပွား ပြုလုပ်တဲ့ ဒြပ်ဝတ္ထုမှန်ကို အတိအကျမသိဘဲတော့ (ကျန်းမာရေး ရှုထောင့်အရ) ရေစိမ် မသောက်သင့်ဘူးလို့ ထင်မြင်မိပါတယ်။ ❐